ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊ ၄ / နငရ - မပတ ( ၁ ) / ကမရ
ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

သို့

ဥက္ကဋ္ဌ
ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ

အကြောင်းအရာ။ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၏ " တိုးတက်ရေးသတင်းလွှာ" ပါ ရေးသားဖော်ပြချက်နှင့် စပ်လျဉ်း၍ သတိပေးအကြောင်းကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၏ ၁၃-၁၂-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၅၇/လမရ-၁၅/မအဖ (၂၀၁၂)

၁။ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ နိုင်ငံရေးပါတီထုတ်ဝေခွင့် မှတ်ပုံတင်အမှတ် (နသ-၀၁၃)ဖြင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသည့် "တိုးတက်ရေးသတင်းလွှာ " အတွဲ ၂၊ အမှတ် ၁၂၊ စာစောင် စာမျက်နှာ (၉)နှင့် (၁၈)တို့တွင် ဆောင်းပါးရှင် မာယသစ္စာဆိုသူမှ ရခိုင်ပြည်နယ် ဖြိုကွဲခဲ့လျှင် ခေါင်းစဉ်ဖြင့် အစ္စလာမ်ဘာသာနှင့် မြန်မာမွတ်စလင်များအား အောက်ပါအတိုင်း စော်ကားရေးသားထားကြောင်း ရည်ညွှန်းစာဖြင့် မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြတိုင်တန်းလာခဲ့ပါသည် -

(က) အစ္စလာမ်ဘာသာဝင်များ၏ ဘာသာရေးပွဲတော်များကို ကန့်ကွက်သူမဲ့ကျင်းပခွင့်ရှိခြင်း၊
(ခ) ဗလီဝတ်ကျောင်းတော်များမှ ဝတ်တက်ရန် နိဗ္ဗာန်ဆော်ဩသံကို "နွားအော်သကဲ့သို့" အကြိမ်ရေများစွာ ပတ်ဝန်းကျင်အား အနှောက်အယှက်ပေးခြင်း၊
(ဂ) အစ္စလာမ်တရားတော်အရ ကုရ်ဗာနီစွန့်လွှတ်မှုအလှူဒါနအား "တိရစ္ဆာန်များကို နှိပ်စက်သတ်ဖြတ်ခြင်း" စသည့် အစ္စလာမ်ဘာသာတရားအယူဝါဒအား ပြောင်ပြောင်တင်းတင်း တိုက်ရိုက်စော်ကား ရေးသားထားခြင်း၊
(ဃ) ဗလီဝတ်ကျောင်းတော် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ဗုဒ္ဓဘာသာနိုင်ငံတွင် စေတီပုထိုးများနှင့် အပြိုင် ရင်ဘောင်တန်းလျက် ဗလီများကိုပွားနေအောင် စည်းမဲ့ကမ်းမဲ့မထိမဲ့မြင်ဆောက်လုပ်ခြင်း၊
(င) မြန်မာအမျိုးသမီးများအား အဓမ္မငွေနှင့်ပေါက်၍ နည်းမျိုးစုံသုံးကာ စိတ်ကြိုက်ချယ်လှယ်ခြင်းဖြင့် အစ္စလာမ်ဘာသာသို့ ဇာတ်သွင်းခြင်း၊
(စ) "၇၈၆"ဆိုင်းဘုတ်တပ်ကာ ပြောင်ပြောင်တင်းတင်းစီးပွားရှာနေခြင်း၊
(ဆ) မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် နိုးသားစွာနေထိုင်ခဲ့ကြသည့် တိုင်းရင်းသား/ နိုင်ငံသားအစ္စလာမ်ဘာသာဝင်များကိုလည်း " ပြည်တွင်းနေအစ္စလာမ်ဘာသာကိုးကွယ်သည့် မြန်မာမွတ်စလင် အမည်ခံဆိုသူများသည် လူ့တိရစ္ဆာန်များ "ဟုခိုင်းနှိုင်းထားခြင်း။

D:\pt-13

၂။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားစဉ်ကပင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ တွင်ပါရှိသည့် အောက်ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ပြုထားပြီးဖြစ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုမပြုလုပ်ရေး၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရေး၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းမပြုရေး။

၃။ နိုင်ငံရေးပါတီတစ်ရပ်သည် ပါတီအဖွဲ့အစည်းအနေဖြင့် ယင်းဥပဒေပုဒ်မ ၆ ပါဝန်ခံချက်များကို စောင့်ထိန်း လိုက်နာရန် ဝန်ခံချက်ပြုပြီးဖြစ်ပါသဖြင့် အထက်အပိုဒ် (၁) ပါရေးသားမှုများသည် ပုဒ်မ ၆(ဃ)ပါ ပြဋ္ဌာန်းချက်အား စောင့်ထိန်းလိုက်နာရန် ပျက်ကွက်နေပါသည်။ ထိုသို့လိုက်နာရန် ပျက်ကွက်ပါက ယင်းဥပဒေပုဒ်မ ၁၂ (က)(၄)နှင့် ငြိစွန်းနေပြီး၊ ယင်းဥပဒေပုဒ်မ ၁၂ (ခ)အရ ငြိစွန်းနေသော ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ယင်းပါတီကိုလည်း ဖျက်သိမ်းရမည်ဟု ပြဋ္ဌာန်းထားသည်ကို အလေးထား လေးစားလိုက်နာရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားနှင့် မိမိတို့ပါတီ၏ ရှေ့အလားအလာတို့ကို ဆင်ခြင်မျှော်တွေးလျက် နိုင်ငံရေးပါတီနှင့် ပါတီဝင်တစ်ဦးချင်းအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါဝန်ခံချက်များကို ချိုးဖောက်သောဟောပြောမှု၊ ရေးသားဖြန့်ချိမှုများ မပြုလုပ်ရန်နှင့် ထပ်မံဆောင်ရွက်လာပါက ပါတီအားဖျက်သိမ်းသည်အထိ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေး အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို -

ပြည်ထဲရေးဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
} သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ လိုအပ်ပါက အရေးယူဆောင်ရွက်သွားရန်

တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအားလုံး

နိုင်ငံရေးပါတီများအားလုံး

မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်

<u>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး</u>

- ဥက္ကဋ္ဌရုံး
- လက်ခံ
- မျှော

**စာမျက်နှာ(၁၈)မှအဆက်**

ထားရှိ လုပ်ကိုင်ခွင့်ပေးသော်လည်း မြန်မာနိုင်ငံတွင်မူ အများပိုင် အချက်အချာကျသော နေရာများတွင် ဆိုင်ကြီးကန္နားကြီးများဖွင့်လှစ်ပြီး စိတ်ကြိုက် စီးပွားရေးသောင်းကျန်းနိုင်ခြင်း။

ဘာသာရေးပတ်သက်သော ပျော်ပွဲရွှင်ပွဲများအား ကန့်ကွက်သူမဲ့ ကျင်းပခွင့်ရှိသည့်အပြင်၊ အကန့်အသတ်မဲ့ ဆူညံစွာ ဗလီများမှ နွားအော်သကဲ့သို့ အကြိမ်ရေများစွာ ပတ်ဝန်းကျင်အား အနှောင့်အယှက်ပေးနိုင်ခြင်း၊ အခြား ဒီမိုကရေစီဟုဆိုသော နိုင်ငံများတွင် အကန့်အသတ်ဖြင့်သာ သတ်ဖြတ်ညှင်းဆဲခွင့်ရသော အစ်ပွဲတော်ကို ပိုက်ဆံရှိလျှင်ရှိသလောက် မြန်မာနိုင်ငံတွင် ဝယ်ယူနှိပ်စက်သတ်ဖြတ်ခွင့်ရှိခြင်း။

ဒီမိုကရေစီနိုင်ငံများတွင် အိမ်၊ ခြံ၊ မြေ၊ တိုက်တာအဆောက်အဦးများကို ပိုက်ဆံရှိတိုင်း အကုန်လုံး လက်ဝါးကြီးအုပ် ဝယ်ယူခွင့်မရနိုင်သော်လည်း မြန်မာ့မြေပေါ်တွင် ပိုက်ဆံရှိလျှင် မွတ်ဆလင် ရပ်ကွက်အဖြစ်မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုဘဲ တစ်ရပ်ကွက်လုံး ဝယ်ယူတည်ထောင်ခွင့်ရထားခြင်း။

ဗုဒ္ဓဘာသာနိုင်ငံတွင် စေတီပုထိုးများနှင့် အပြိုင် ရင်ဘောင်တန်းလျှက် ဗလီကြီးများ ဟီးနေအောင် စည်းမဲ့ကမ်းမဲ့ မထီမဲ့မြင် ဆောက်လုပ်ခဲ့၊ ဆောက်လုပ်ဦးမည်ဖြစ်ခြင်း။

အစ္စလာမ်မစ်နိုင်ငံများနှင့် ဘာသာခြားနှင့် လက်ထပ်ပါက သူတို့ဘာသာဝင်အဖြစ် ကူးပြောင်းကိုးကွယ်မှ အတည်ပြုတရားဝင်ဇနီးမယား လင်ယောကျ်ားနိုင်ငံသားဖြစ်ခွင့်ရှိသော်လည်း မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများအား အဓမ္မဖြစ်စေ၊ ငွေနှင့်ပေါက်၍ဖြစ်စေ၊ ချော့မော့ဖြားယောင်း၍ဖြစ်စေ၊ နည်းမျိုးစုံသုံးကာ စိတ်ကြိုက်ချယ်လှယ်ပြီး ဗုဒ္ဓဘာသာထဲသို့ ကူးပြောင်းစရာမလိုသည့်အပြင်၊ ကန့်ကွက်သူ၊ တိုင်ကြားသူ၊ အရေးယူသူမဲ့၊ လွတ်လပ်စွာ သူတို့ဘာသာထဲသို့ ဇာတ်သွင်း၊ အလိုရှိသလောက် စိတ်ကြိုက်ယူပိုင်ခွင့်ရှိခြင်း။

မွတ်စ်လင်တို့အနေဖြင့် ၇၈၆ မဟုတ် သောဆိုင်များတွင် အားပေးဝယ်ယူစားသုံးခြင်း မပြုလုပ်သော်လည်း၊ မြန်မာလူမျိုးများအနေဖြင့် အလှူအတန်း၊ သာရေးနာရေးပွဲများမှစပြီး အပျင်းပြေကွမ်းယာစားခြင်းအထိ ကုလား-မြန်မာမခွဲခြားဘဲ၊ နှိမ်ချစော်ကားနှောင့်ယှက်ခြင်း မပြုဘဲ၊ ဝယ်ယူအားပေးခြင်း။

လူ့အခွင့်အရေးဟု တအော်တည်းအော် နေသော နိုင်ငံကြီးများမှာပင် မရနိုင်သော အထက်ပါ အချက်အလက်များစွာကို မြန်မာနိုင်ငံတွင် အခမဲ့၊ စည်းကမ်းမဲ့၊ အထိန်းအကွပ်မဲ့၊ ဥပဒေမဲ့၊ အနှောင့်အယှက်မဲ့၊ ဖောသီစွာရရှိနေခြင်းကို မြန်မာလူမျိုးများအားလုံး ကြည့်တတ်လျှင်မြင်ရမည်ဖြစ်သည်။

OIC ကို မြန်မာနိုင်ငံတွင် ထားရှိခဲ့ပါက အထက်ပါအချက်များအပြင် နောက်ထပ် အချက်တစ်ချက် ထပ်မံတိုးလာဦးမည်ဖြစ်သည်။ ထိုအချက်မှာ “ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအား ထစ်ကနဲရှိ ပြဿနာလုပ်၊ မဟုတ်သော သတင်းများအား နိုင်ငံတကာတွင် ဝါဒဖြန့်၊ သူတို့ အားစော်ကားသည်ဟု အကြောင်းရှာကာ၊ တာလီဘန်၊ အယ်လ်ကေးဒါးတို့ဖြင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်၊ ဘာသာလူမျိုးကို အမြစ်ဖြုတ် အပျောက်ရိုက်လာမည်”ဆိုသော အချက်ပင်ဖြစ်သည်။

ဒီမိုကရေစီအရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးဟုဆိုကာ OIC ကို မြန်မာနိုင်ငံတွင် တရားဝင် ထားရှိလိုက်ပါက မြွေပွေးခါးပိုက်ပိုက် သည်ထက် ဆယ်ပြန်မက ဆိုးဝါးမည်ဖြစ်ကြောင်း သမ္မတနှင့်တကွ စစ်ဗိုလ်ချုပ်ကြီးများအားလုံး နားလည်သဘောပေါက်ထားရန် အထူးလိုအပ်ကြောင်း။

မြန်မာတို့က ပြည်တွင်းနေ အစ္စလာမ် ဘာသာကိုးကွယ်သူဟု၊ သတင်းနှင့် သတင်းစာများတွင် ထည်လဲသုံးနေသော်လည်း ရိုဟင်ဂျာထိလျှင် ပြည်တွင်းနေ အစ္စလာမ် ဘာသာကိုးကွယ်သူဟုဆိုသော မြန်မာမွတ်ဆလင်အမည်ခံ ထစ်ကနဲရှိ အခွင့်အရေးတောင်းဖို့တစ်ခုသာ ချောင်းနေသော လူ့တိရစ္ဆာန်များနှင့် တစ်ကမ္ဘာလုံးရှိ မွတ်ဆလင်များအားလုံး ရိုဟင်ဂျာဘက်က နာတတ်ကြောင်း သိဖို့အချိန်တန်ပြီ ဖြစ်ပါသည်။

■